# ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

## University of Yangon Students' Union – UYSU

**အင်းစိန်ထောင်တွင်းအခြေအနေများနှင့် ပတ်သက်၍ အရေးပေါ်ထုတ်ပြန်ချက်**

ထုတ်ပြန်ကြေညာချက်အမှတ် (၄/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

ယနေ့ ဇူလိုင်လ ၂၃ ရက်နေ့ နံနက်တွင် တော်လှန်ရေးကာလအတွင်း မတရားဖမ်းဆီးခံရသူ အင်းစိန်ထောင်တွင်းရှိ ရဲဘော်များ ကြွေးကြော်ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်းသိရှိရပြီး စစ်အာဏာရှင်ဖြုတ်ချရေး၊ အရေးတော်ပုံ အောင်ရမည်အစရှိသည့် ကြွေးကြော်သံများကို တောင်းဆိုခဲ့ကြသည်။

နောက်ဆက်တွဲအနေဖြင့် ဖက်ဆစ်စစ်အုပ်စုနှင့် ၎င်း၏လက်ကိုင်တုတ်ဖြစ်သော ထောင်အာဏာပိုင်များက အဆိုပါ ဆန္ဒပြတောင်းဆိုမှုကို ဖိနှိပ်ဖြိုခွင်းရန် အင်းစိန်ထောင်တွင်းသို့ စစ်ကား ၂ စီး ဝင်ရောက်သွားကြောင်းကိုလည်း သိရှိရသည်။

ယခုကာလတွင် အင်းစိန်ထောင်အတွင်း၌ ကိုဗစ်ကာကွယ်ရေး၊ ကုသရေးနှင့်ပတ်သက်၍ စိုးရိမ်စရာ အခြေအနေများလည်း ရှိနေပါသေးသည်။ အင်းစိန်ထောင်အတွင်း ကိုဗစ်ကူးစက်ခံရသူ မည်မျှရှိကြောင်းကိုလည်း တိတိကျကျထုတ်ပြန်ထားခြင်းမရှိသည့်အပြင် ကိုဗစ်ကူးစက်ခံရပြီး ထောင်တွင်း၌ သေဆုံးသွားခဲ့ရသူများလည်း ရှိနေပါသည်။

အဆိုပါအခြေအနေများနှင့်ပတ်သက်၍

၁။ မတရားဖမ်းဆီးခံရသူများကို ချွင်းချက်မရှိလွှတ်ပေးရန် နှင့်

၂။ မတရားဖမ်းဆီးခံရသော နိုင်ငံရေးအကျဉ်းသားအချုပ်သားများ၏ ကိုဗစ်ကာကွယ်ကုသရေးနှင့် ဆေးကုသခွင့်ရရှိရေးအတွက် ဝိုင်းဝန်းကူညီပေးရန် တောင်းဆိုလိုက်သည်။

ထောင်တွင်းရဲဘော်များ၏ လက်ရှိအခြေအနေသည် အလွန်စိုးရိမ်ဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် စစ်အာဏာရှင်ဖြုတ်ချရေးတိုက်ပွဲအတွင်း တတပ်တအားပါဝင်နေကြသော လူထုတစ်ရပ်လုံးနှင့် တော်လှန်ရေး အင်အားစုများအနေဖြင့် သိရှိလာရသောသတင်းများပေါ် မူတည်၍ ထောင်တွင်းရဲဘော်များအတွက် အရေးပေါ် ဝန်းရံကူညီပေးကြရန် အလေးအနက်ထား တိုက်တွန်းလိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ